
စိတ်ကူးချိုချိုအနုပညာ

# မရယ်ရ မနေနိုင် ဟာသများ

ရဲစတိုင်း



mgyoe.com

ကိုဦးတစ်ယောက် ဝမ်းသွားနေသဖြင့် သူ၏ သူငယ်ချင်းကို ဆရာမဆီသို့ ခွင့်တိုင်ခိုင်းလိုက် သည်။

"ဆရာမ၊ ကိုဦး ဝမ်းသွားနေလို့တဲ့။ ခွင့်တိုင်ခိုင်းလိုက်ပါတယ်"

"ဟုတ်လား၊ တော်တော် အခြေအနေဆိုးလား"

"အဲ့ဒါတော့ မသိဘူး ဆရာမ၊ ဖင်ဘူးထောင်း ထောင်ထားတာတောင် ဝေကျနေတယ်"

"နင်ဘာလို့နင့်ကောင်လေးနဲ့ စေ့စပ်ပွဲ ဖျက်သိမ်းလိုက်တာလဲ။"

"ငါတို့ဗေဒင်သွားမေးတယ်လေ၊ ဗေဒင်ဆရာက ငါ့ကိုကလေးနှစ်ယောက် မွေးမယ်ပြောပြီး သူ့ကိုကျ လေးယောက်မွေးမယ်တဲ့။ ကဲ ကျန်တဲ့ နှစ်ယောက်က ဘယ်သူနဲ့လဲ"

မင်းဘဝဟာ အမှောင်တွေဖုံးလွှမ်းနေတယ်လို့ ခံစား ရတဲ့အခါ ဘုရားသခင်ထံမှာ ဆုတောင်းပါ။ ဘုရားသခင်က မင်းကို အဲဒီအမှောင်တွေကလွတ်မြောက်အောင် ကူညီစောင်မပါလိမ့်မယ်။

အဲ တကယ်လို့ ဘုရားသခင်ဆီမှာ ဆုတောင်းပြီးတဲ့ တိုင်အောင် မင်းဘဝဟာ မှောင်မိုက်နေသေးတယ် ဆိုရင်တော့ မင်းအခနေနဲ့ မီတာခဆောင်ဖို့ လိုအပ်နေပြီ။

YST0012

800.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - ကိုရွှေထူး
၂၀၁၄၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၈၀၀ ကျပ်

၈၀၈ • ၈၄

မရယ်ရပ်နေနိုင်
လေရတု၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊.
စာမျက်နှာ ၁၅၃ မျက်နှာ၊ ၁၀ စင်တီ× ၁၆ •၅ စင်တီ
(၁) မရယ်ရပ်နေနိုင်

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မရယ်ရမနေနိုင်

ရဲစတိုင်း

ပထမအကြိမ်

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ဖေဖေ လာမနှုတ်ဆက်လို့ပါ

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကျင်းပသည့် နေ့ညနေပိုင်း ပေါ်သမဂ္ဂပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ယောက် အိမ်သို့လမ်းလျှောက်ပြန်လာစဉ် ကလေးငယ်တစ်ဦး ရှိုက်ကြီးတငင် ငိုကြွေးနေသည်ကိုတွေ့ရသဖြင့် မေးမြန်းလိုက်သည်။

"ဘာဖြစ်လို့ ငိုနေရတာလဲ ကလေး"

"ကျွန်တော့် ဖေဖေ သေသွားလို့ပါ"

"စိတ်မကောင်းစရာပဲကွာ။ ဘယ်တုန်းက သေသွားတာလဲ"

"လွန်ခဲ့တဲ့ ငါးနှစ်ကပါ"

"ငါးနှစ်က ဟုတ်လား။ လွန်ခဲ့တဲ့ငါးနှစ်က



mgyoe.com

mgyoe.com

သေသွားတာကို ဘာလို့ မင်းကခုထိ သဲကြီးမဲကြီးငို နေရလဲကွာ"

" ဒီနေ့ ဈေးကောက်ပွဲမှာ ဖေဖေ့နာမည်နဲ့ မဲထည့်ထားတာတွေ့တယ်။ ဖေဖေက မဲလာထည့် သွားပြီး ကျွန်တော့်တောင်လာတွေ့မသွားဘူးလေ၊ အဲဒါကြောင့် ဝမ်းနည်းပြီး ငိုနေတာပါ"



mgyoe.com

mgyoe.com

# အားလပ်ရက်တနင်္ဂနွေ

လူတစ်စု သင်္ဘောပျက်ပြီး ကျွန်းလေးတစ်ကျွန်းပေါ်မှာ သောင်တင်နေကြတယ်။ ထူးခြားတာက အဲဒီလူစုမှာ ယောက်ျားဆိုလို့ တစ်ယောက်တည်းကျန်ပြီး မိန်းမက ၁၂ ယောက်တောင်။ အဲလိုနဲ့ တစ်လလောက်နေလာတော့ ဆန္ဒတွေထိန်းမရဖြစ်လာကြတယ်။ အဲဒီတော့ တစ်ယောက်တည်းကျန်တဲ့ယောက်ျားက တစ်နေ့မှာ မိန်းမနှစ်ယောက်နဲ့ အိပ်ပေးပြီး တနင်္ဂနွေတစ်ရက်ကိုတော့ အနားပေးဖို့ ဆုံးဖြတ်လိုက်ကြတယ်။ အဲလိုနဲ့နေလာလိုက်တာ တနင်္ဂနွေတစ်ရက်မှာ တစ်ဦးတည်းသော ယောက်ျားဖြစ်သူအနားယူပြီး ကမ်းခြေမှာထိုင်နေတုန်း အဝေး



mgyoe.com

mgyoe.com

မှာ လှေလေးလှုပ်လှုပ်လှုပ်လှုပ်နဲ့ မျောပါလာတာကို သွားတွေ့တယ်။ သူလည်း အကူအညီရတော့ မှာပဲ ဆိုပြီး ဝမ်းသာအားရဖြစ်သွားတယ်။ ရေထဲကူးပြီး လှေလေးဆီရောက်တော့ သူထင်သလို ကယ်မယ့် လူမဟုတ်ဘဲ သူတို့လိုပဲ သင်္ဘောပျက်ပြီးဒုက္ခ ရောက်လာတဲ့ ဒုက္ခသည် ယောကျ်ား တစ်ယောက် ဖြစ်နေတာတွေ့ရတယ်။ သူ ပျော်သွားတယ်။ သူတော့ တခြားယောကျ်ားတစ်ယောက်ရောက် လာရင် အေးအေးဆေးဆေး အနားရတော့မှာပဲလို့ တွေးပြီး ဝမ်းသာအားရ နှုတ်ဆက်တယ်။

"ဝိုး တွေ့ရတာ ဝမ်းသာလိုက်တာကွာ"

ဒုက္ခသည်ကလည်း ဝမ်းသာအားရပါပဲ . . .

"ဟယ် အဆင်လေးပဲ။ တို့လည်းဝမ်းသာ လိုက်တာ။ လှေမှောက်ပြီး မျောနေတာ လနဲ့ချီနေပြီ။ မဝုန်းရတာ ကြာပြီကော"

ကျွန်းပေါ်က လူ နည်းနည်းတွန့်သွားပြီး တစ် ယောက်တည်း ရေရွတ်နေတယ်။

"ဘုရားရေ ငါ့အားလပ်ရက်တနင်္ဂနွေလေး တော့ သွားပဟ"



mgyoe.com

mgyoe.com

# သဘာဝပေကိုး

"အဘွား၊ အဘွားရဲ့ မျက်လုံးတွေ ဘာဖြစ်လို့ အကြီးကြီး ဖြစ်နေရတာလဲဟင်"

"ကောင်းကောင်းမြင်ရအောင်လို့ပေါ့"

"အဘွားရဲ့ နားရွက်တွေကကော ဘာဖြစ်လို့ အကြီးကြီးဖြစ်နေရတာလဲဟင်"

"ကောင်းကောင်းကြားရအောင်လို့ပေါ့ကွယ်"

"ဒါဆို နှာခေါင်းကကော ဘာဖြစ်လို့ ဒီလောက်အရှည်ကြီး ဖြစ်နေရတာလဲဟင်"

"ငါတို့ဟာ ဆင်တွေမဟုတ်လား ငါ့မြေးရယ်"

○



mgyoe.com

mgyoe.com






mgyoe.com

mgyoe.com

# တွန်းလက်စနဲ့တွန်းလိုက်တယ်

ကောင်မလေး ငယ်ငယ်ချောချောလေးများရှိသည့်"လာထား၊ အာဘွား" အနှိပ်ခန်းရှေ့မှ မဒမ်ဂျွန်က ဖုန်းခေါ်လိုက်သည်။

"ကိုဂျွန်၊ ရှင်အခုဘယ်မှာလဲ"

"ရုံးမှာပေါ့ကွာ။ အလုပ်တွေက မပြီးသေးဘူး။ ဘာတွေရှုပ်နေမှန်းကို မသိပါဘူး"

"ရှင့်ကားကို"လာထား၊ အာဘွား" အနှိပ်ခန်းနားမှာ တွေ့တယ်"

"မင်းကတော့လုပ်ပြီ။ ဒီလိုကားမျိုး ဒီတစ်စီးတည်းရှိတာကျနေတာပဲ။ တူတာနေမှာပေါ့ကွ"

"ရှင့် ကားမောင်းသမားကိုလည်း တွေ့တယ်နော်"



mgyoe.com

mgyoe.com

"ဟင် ဟုတ်လား။ အဲဒီနားက လမ်းကြားမှာ ဘီယာပုလင်းသွားဝယ်တာထင်တယ်"

"ရှင့်ကိုလည်း တွေ့နေရတယ်"

"မင်းက မလျှော့သေးပါလား။ နာမည်တူ မရှား။ လူတူမရှားလေမိန်းမရဲ့"

"မဟုတ်ဘူး။ ရှင်မှရှင်ပါ။ မနက်တုန်းက ဝတ်သွားတဲ့ အဝတ်အစားနဲ့ပဲ။ အခုဖုံနိုးပြောရင်း ဆိုင်အပြင်ကိုထွက်လာ နေတယ်လေ"

"အံ့ရောကွာ။ ဒီမြို့မှာ ကိုယ်နဲ့စွပ်ချွတ်တူတဲ့ လူတစ်ယောက် ရှိရဇာယ်လို့"

(ဆိုင်ရှေ့တွင် မျက်နှာချင်းဆိုင် ထိပ်တိုက် တွေ့ဆုံသည်တွင်)

"ဒီမယ် ကိုဂျွန်"

"ဟင် မိန်းမ၊ မင်း လူမှားနေပြီ။ ကျုပ် ကိုဂျွန်စမစ်မဟုတ်ဘူး"

၀



mgyoe.com

mgyoe.com

## သအက္ခရာဇာတ်လမ်း

သူသည် သိုင်းသင်သောသူ။ သုံးသိန်းသုံးသောင်းသောသိုင်း သူသိသည်။ သို့သော် သွေးသောက်သိုင်းသာ သီးသန့် သူ သုံးသည်။ သွေးသောက်သိုင်း သုံးသော် သူသာန်သို့ သွေး သွားသွားသွန်သည်။ သူသည် သန်သည်၊ သွက်သည်။ သူ့သားသည် သန့်သည်။ သို့သော် သေးသေးသွယ်သွယ် သူ့သားသူ သွန်သင်သည်။ သား သွေးသောက်သိုင်းသင်။ သို့သော် သူ့သားသည် သေးသောက်သိုင်းသာ သင်သည်။ သေးသောက်သိုင်း သင်သော် သေးသွန်သည်။ သူ့သားသည် သဲသောင်သို့ သေး သွားသွားသွန်သည်။ သဲသယ်သောသူ သတ်သော်



mgyoe.com

mgyoe.com

သူ့သားသေသည်။ သူသိသော် သဲသောင်သို့ သူသွားသည်။သဲ သယ်သောသူ သုံးသောသိုင်းသည် သွေးသိုးသွေးသောက်သိုင်း။ သို့သော် သွေးသောက်သိုင်း့ သာသည်။ သူ့ သွေးသောက် သိုင်းသုံး သုတ်သင်သည်။ သဲသယ်သောသူ သေသည်။ သူ့သားသေသွားသော် သုသာန်သို့ သူသယ်သွားသည်။ သူ သုံးသပ်သည်။ သူ သိသွားသည်။ သေသောသူသည်သုသာန်သို့ သက်သက်သာသာ သွားသေသည်သာ။

၀



mgyoe.com

mgyoe.com

## တောင်းပန်ပါတယ်နော်

တစ်နေ့ဘတ်စ်ကားပေါ်မှာ ဘေးမှာထိုင်နေသော ခပ်ချောချောအမျိုးသမီးတစ်ယောက် အိပ်ပျော်နေသည်။ ခဏနေတော့ဟောက်သံပါထွက်လာသည်။ တစ်ကားလုံးသူမကိုဝိုင်းကြည့်နေသည်။ ကျွန်တော်လည်းမကောင်းပါဘူးဆိုပြီး လက်ကလေးနှင့်တို့လိုက်သည်။ အမျိုးသမီးထံမှ စကားသံထွက်လာသည်။

"ယောက်ျား တော်ပြီကွာ။ မနက်ဖြန်မှပေါ့"

၀



mgyoe.com

mgyoe.com





mgyoe.com

mgyoe.com

## အမေးကမ္ဘာ တွေးစရာ

မေး။ ကမ္ဘာ့ ပထမဆုံးတင့်ကားကို တီထွင်တာ ဘယ်နိုင်ငံလဲ၊ ဘယ်သူလဲ၊ ဘယ်အချိန်က ထွင်ခဲ့တာလဲ၊ ဘယ်လိုအလုပ်လုပ်သလဲ။

ဖြေ။ မြန်မာပြည်မှာ တပင်ရွှေထီးက တောင်ငူခေတ်ဦး အေဒီ ၁၇ ရာစုဝန်းကျင်မှာ ထွင်ခဲ့တာပါ။ ဆင်ပေါ် အမြောက်တင်ပြီး ပစ်တယ်ခင်ဗျ။ သည်တင့်ကားက တောင်ပေါ်လည်း တက်နိုင်၊ တောလည်းတိုးနိုင်ပြီး မောင်းဖို့ ဓာတ်ဆီလည်း ထည့်စရာမလိုဘူး။ ဆင်က သွားရင်းလာရင်း သူ့အစာသူ ရှာစားတယ်။



mgyoe.com

mgyoe.com

မေး။ ကမ္ဘာ့ ပထမဆုံးဝိုင်ယာလက်စ် တက္ကနီ လိုဂျီကို ဘယ်နိုင်ငံက စသုံးခဲ့လဲ။ ဘယ်တုန်းက စလဲ။ ဘယ်လို အလုပ်လုပ်လဲ။

ဖြေ။ မြန်မာနိုင်ငံပါပဲ။ ပျူခေတ်ကတည်းကပါ။ ရန်သူလာရင် စည်တီးပြီးအချက်ပေးရင်း ဆည်ချိုးချတဲ့နေရာမှာ သုံးခဲ့ပါတယ်။

မေး။ တယ်စွမ်းတဲ့မြန်မာတွေပဲ။ ကဲ သည်မြန်မာတွေ ခုဘာလုပ်လို့ ဘာဖြစ်နေလဲ။

ဖြေ။ ဆရာရော ခုဘာလုပ်နေလဲ။

မေး။ မေးတာမဖြေဘဲ မင်းဘာ့စကား ပြောတာလဲ။ မင်း စော်ကားတာလား။ မင်း မိုက်ရိုင်းလှချည်လား။

၀



mgyoe.com

mgyoe.com

## ဖျက်သိမ်းရခြင်းအကြောင်းရင်း

"နင်ဘာလို့နင့်ကောင်လေးနဲ့စေ့စပ်ပွဲ ဖျက်သိမ်းလိုက်တာလဲ။

"ငါတို့ဗေဒင်သွားမေးတယ်လေ၊ ဗေဒင်ဆရာက ငါ့ကိုကလေးနှစ်ယောက် မွေးမယ်ပြောပြီး သူ့ကိုကျ လေးယောက်မွေးမယ်တဲ့။ ကဲကျန်တဲ့နှစ်ယောက်က ဘယ်သူနဲ့လဲ"

၀



mgyoe.com

mgyoe.com

## ကြိုက်ရာရွေး

ယောက်ျားဖြစ်သူ အလုပ်မှပြန်လာသည်။ မိန်းမက ညစာပြင်ပြီး စောင့်နေသည်။

မိန်းမ = ယောက်ျား၊ ဒီညဟင်းကြိုက်တာရွေး

ယောက်ကျား = ဘာဟင်းတွေချက်ထားတာလဲ။

မိန်းမ = မျှစ်

ယောက်ကျား = ဘာရွေးစရာရှိသေးလဲ

မိန်းမ = စားမှာလား၊ မစားဘူးလားရွေး။

○



mgyoe.com

mgyoe.com

# တစ်သက်နှစ်ခါမှားသူ

"ကိုယ့်အမှားပေါ်က သင်ခန်းစာမယူတဲ့လူက ဘယ်သူလဲ"

"မိုင်းရှင်းသမား"

"သူက တစ်သက်မှာ ဘယ်နှခါမှားသလဲ"

"နှစ်ခါ။ ပထမတစ်ခါက မိုင်းရှင်းသမားအလုပ်ကိုလုပ်ဖို့ ဆုံးဖြတ်တုန်းက"

၁



mgyoe.com

mgyoe.com

## စိတ်မပူပါနဲ့တော့

ကပ္ပတိန်မှ ဗိုလ်မှူးကိုမေးသည်။

ကပ္ပတိန် - 'အခု တိုက်ပွဲဖြစ်နေတဲ့ နေရာဆီသွား
ရမယ့်ခရီးက အဝေးကြီးလား

ဗိုလ်မှူး - ဟုတ်တယ်။ တော်တော်ဝေးတယ်။
ဒါပေမဲ့ စိတ်မပူပါနဲ့။ မင်းအနေနဲ့
ပြန်လာစရာလိုမယ် မထင်ပါဘူး။

○



mgyoe.com

mgyoe.com

## ဆရာကောင်းတပည့်

သင်္ချာဆရာမတစ်ယောက် စာသင်နေပါတယ်။

"တပည့်တို့၊ သင်္ချာဆိုတာ အရမ်းအရေးကြီးတယ်။ လူလူချင်းပဲလိမ်လို့ရတယ်။ သင်္ချာဂဏန်းတွေက လူကိုမလိမ်ဘူး။ ဥပမာ လူတစ်ယောက် အိမ်တစ်လုံးဆောက်ဖို့ ၁၂ ရက်ကြာရင် လူ၁၂ ယောက်ဆို တစ်ရက်ပဲကြာမယ်၊ လူ ၂၈၈ ယောက်ဆို တစ်နာရီပဲ ကြာလိမ့်မယ်"

ဒါနဲ့ အဲတန်းရှေ့ဆုံးမှာထိုင်နေတဲ့ ကျောင်းသားက ပြောလိုက်ပါတယ်။

"ဟုတ်ပါတယ်ဆရာမ။ ၁၇၂၈၀ ယောက် အိမ်ဆောက်ခိုင်းမယ်ဆိုရင် တစ်မိနစ်ပဲကြာပါ



mgyoe.com

mgyoe.com

တယ်။ တကယ်လို့ လူ ၁၀၃၆၈၀၀ ဆောက်ခိုင်းမယ်ဆိုရင် တစ်စက္ကန့်ပဲကြာတော့မှာပါ၊ နောက်ထပ် ပင်လယ်ကူးသင်္ဘောကြီးတစ်စင်း သမုဒ္ဒရာကိုဖြတ်ဖို့ ၄ ရက်ကြာရင် သင်္ဘော၄စင်း ဖြတ်တဲ့အခါဆို တစ်ရက်ပဲကြာပါတယ်၊ ဂဏန်းတွေက လူကိုမလိမ်တတ်ပါဘူး။ နောက်ပြီး ၂၅ ဒီဂရီစင်တီ ဂရိတ်ရှိတဲ့ ရေနွေး၄ခွက်ကို ပေါင်းထည့်လိုက်ရင် ၁၀၀ ဒီဂရီ ဖြစ်သွားတာကြောင့် ရေနွေးပွက်သွားပါတယ်။ ဟုတ်တယ်နော် ချာမ"-

ဝ



mgyoe.com

mgyoe.com

## လွှမ်းလို့တော့ ဟုတ်ဘူး

ယောက်ျား = မိန်းမ မင်းခရီးထွက်တာ ကြာလိုက်တာကွာ။

မိန်းမ = ကျွန်မ ၄ ရက်ပဲသွားတာ၊ ရှင်က လွမ်းနေပြီလား။

ယောက်ျား = အေး ငါဒီ ၄ ရက်လုံးလုံး ပိုက်ဆံထားတဲ့ဒီရိုသော့ ဘယ်လိုမှရှာ မတွေ့ဘူးဖြစ်နေတယ်။

○



mgyoe.com

mgyoe.com

## ဆရာ့ထက် ပိုမသိနဲ့

ကားတိုက်ခံရသောလူတစ်ယောက်ကို ဆေးရုံသို့ပို့လိုက်ရာ သူ့မိန်းမလည်း လိုက်ပါသွား၏။ မကြာခင် ဆရာဝန်ရောက်လာ၏။ စစ်ဆေးပြီး ဆရာဝန်က လူနာ၏မျက်နှာကိုစောင်ဖြင့်ဖုံးလိုက်၏။ ပြီးမှဇနီးကိုပြောလိုက်သည်။

"အစ်မကြီး၊ ကျွန်တော် စိတ်မကောင်းပါဘူး၊ သူသေဖို့များနေပါတယ်"

ထိုအခါ စောင်အောက်မှ လူနာအသံထွက်လာ၏။

"ကျုပ် မသေနိုင်ပါဘူး"

သည်တော့ မိန်းမက လူနာကိုပြောလိုက်သည်။

"ရှင်အသာနေစမ်း၊ ဆရာဝန်က ပိုသိတာပေါ့"

ဝ



mgyoe.com

mgyoe.com

# သိထားမှဖြစ်မယ်

စာအုပ်အရောင်းမြှင့်တင်ရေးသမားလေး တစ်ယောက်က လူခေါ်ဘဲလ်ကို နှိပ်လိုက်တော့ အမျိုးသမီးတစ်ယောက် ထွက်လာသည်။

"အစ်မကြီး၊ ကျွန်တော်စာအုပ်လေးတစ်အုပ် ရောင်းချင်လို့ပါ။ ယောက်ျားတွေ အိမ်ပြန်နောက်ကျရင်ပေးတတ်တဲ့ ဆင်ခြေ ၅၀၀ တဲ့"

"ငါက ဘာလို့ဝယ်ရမှာလဲ။ မဝယ်ချင်ပါဘူး"

"အစ်မကြီးဝယ်မှဖြစ်မှာ။ ခုဏကပဲ ကျွန်တော် အစ်မကြီးယောက်ျားကို တစ်အုပ်ရောင်းပေးလိုက်လို့ပါ"

O



mgyoe.com

mgyoe.com

## ဒါဆိုရင်တော့

မိန်းမတစ်ယောက် တစ်သောင်းတန် ၅ ရွက် ကိုယူကာ ဘဏ်သို့သွားအပ်သည်။

ဘဏ်ဝန်ထမ်း- 'ဒီငွေစက္ကူကအတုဖြစ်နေပါတယ်။ လက်မခံပါဘူး။

မိန်းကလေး - ဒုက္ခပါပဲ။ ဒါဆိုရင် ကျွန်မကို မုဒိမ်းကျင့်လိုက်ကြတာပဲ။

o



mgyoe.com

mgyoe.com

## စစ်ဆေးပြီးပါပြီ

ကောင်လေးနဲ့ကောင်မလေး တရားရုံးသွားပြီး လက်မှတ်ထိုးကြသည်။

ရွှေနေ = ခင်ဗျားတို့ မင်္ဂလာမဆောင်ခင် စစ်ဆေးမှုလုပ်ပြီးပြီလား။

ကောင်မလေး = စစ်ပြီးပါပြီ။ သူ့မှာတိုက်ရော၊ ကားရောအပြည့်အစုံရှိပါတယ်။

ရွှေနေ = ဆေးရုံသွားပြီးစစ်ဆေးတာကို ပြောတာ။

ကောင်မလေး = စစ်ဆေးပြီးပါပြီ။ ယောက်ျားလေးအစစ်ပါပဲ။



mgyoe.com

mgyoe.com

## မေမေ့တုန်းကလည်း အဲလိုပဲ

သမီးဖြစ်သူက သူ့အမေကို ရင်ဖွင့်စကား ပြောလိုက်ပါတယ်။

“အမေ၊ သမီးကောင်လေးက သမီးကိုအရမ်း ချစ်တယ်လို့ ထင်တယ်”

“သမီးက ဘယ်လိုသိတာလဲ”

“သမီးကို သူဖက်ထားရင် သူ့ရင်ဘတ်ထဲက တဒုတ်ဒုတ်ခုန်နေတယ် မေမေရဲ့”

“ဟင်း ဟင်း၊ သမီးက မသိသေးဘူးပဲ။ အမေ သမီးအဖေနဲ့ချိန်းတွေ့တုန်းက သူ့ရင်ဘတ်ထဲမှာ နာရီတစ်လုံး ဖွက်ထားတာလေ။ အမေလည်း အဲ့ဒါနဲ့ အလိမ်ခံခဲ့ရတာ”

၀



mgyoe.com

mgyoe.com

## မစောင့်နိုင်တော့လို့

သဘော်သားကောင်လေးတစ်ယောက် သဘော်မလိုက်ခင်စေ့စပ်ထားတဲ့ ကောင်မလေးနဲ့ မတွေ့တာနှစ်အတော်ကြာ သွားသည်။ နောက်ပိုင်း စာအဆက်အသွယ်လည်း ပြတ်လာသည်။

တစ်ရက် သူ့ဆီ ကောင်မလေးထံမှ ရုတ်တရက် စာတစ်စောင်ရောက်လာသည်။

"ငါနင့်ကို ထပ်မစောင့်နိုင်တော့ဘူး။ ငါ နင့်အဖေနဲ့ပဲ မင်္ဂလာဆောင်လိုက်ပြီ။ ငါ့ကိုခွင့်လွှတ် ပါ ။ နင့်အမေ"

○



mgyoe.com

mgyoe.com






mgyoe.com

mgyoe.com

## ကိုယ့်ရေးကိုယ်တာ ကိစ္စမို့ပါ

အမျိုးသားတစ်ယောက်ဟာ ဟိုတယ်ရဲ့ ၁၁ ထပ် သူ့အခန်းကနေ ညဉ့်ကြိုကောင်တာဆီကို အလျင်စလိုဖုန်းခေါ် နေပါတယ်။

"ဒီမှာ၊ ကျုပ်မိန်းမနဲ့ ကျုပ်စကားများနေလို့ ဒီကို မြန်မြန်လာပေးပါ။ ဟိုတယ်ပြတင်းပေါက်က နေ ခုန်ဆင်းချမယ်လို့လည်း ပြောနေတယ်"

ဟိုတယ်မန်နေဂျာက ပြောပါတယ်။

"ကျွန်တော့်အနေနဲ့ လူကြီးမင်းတို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စမှာ မပါချင်ဘူးခင်ဗျာ။ ဟိုတယ်နဲ့ ဟိုတယ်ဝန်ထမ်းတွေအနေနဲ့ ဒီလိုကိစ္စမျိုးမှာ ဝင်ရောက်စွက်ဖက်ဖို့ ဝတ္တရားမရှိပါဘူး"



mgyoe.com

mgyoe.com

အဲဒီအခါ စိတ်ဆိုးတကြီးနဲ့ အမျိုးသားက ထပ်ပြောလိုက်ပါတယ်။

"သောက်ကျိုးနဲ၊ ဒါ ကိုယ်ရေးကိုယ်တာ ကိစ္စ ဟုတ်လား။ ဒီမှာ သောက်ရေးမပါတဲ့ ပြတင်းပေါက် ကမပွင့်ဘူးကွ။ အဲဒါ ဟိုတယ်က မြန်မြန်လာ လုပ်ပေးရမယ့် ကိစ္စမဟုတ်ဘူးလားကွဟေ"

၀



mgyoe.com

mgyoe.com

## ထင်သလိုလည်း ဟုတ်ဘူး

ဖိုးတုတ်ဟာ မိုးလင်းက မိုးချုပ်အရက် သောက်သူပါ။ မူးလာရင် ရစ်တတ်ပါသေးတယ်။ ဒါနဲ့ အရက်ပဲသောက်တတ်ပြီး တခြားဘယ်နေရာမှ သုံးစားမရတာကြောင့် သူ့အိမ်က နှင်ချခံလိုက်ရပါတယ်။ ဒီလိုနဲ့ပဲ ဒီကောင်ဟာ ရှမ်းပြည်ဘက်ကို ရောက်ခဲ့ရပါတယ်။ မြို့အဝင်လုံခြုံရေးဂိတ်တစ်ခုမှာ ခရီးသည်တွေကို စစ်ဆေးပါတယ်။ ဒီကောင့်ကိုလည်း စစ်တာပေါ့လေ။ ရုပ်ကိုက အရက်သမားရုပ် အပီ အပြင်ဆိုတော့ ယုံချင်စရာတစ်စက်မှ မရှိတာကိုး။

"မင်းနာမည်ပြော"

"အလွမ်းကမ္ဘာ၏ထမိပုံကြားထဲအရက်မူးနေသူပါ"

"နာမည်ကြီးကလည်းကွာ၊ ဦးကပ်စီးကာတွန်း



mgyoe.com

mgyoe.com

ထဲက ခင်မောင်သိန်းထွန်းဝင်းကို ရှည်လျှပြီမှတ်နေတာ၊ ကိုင်း အလုပ်အကိုင်ပြော”

“ဟုတ်ကဲ့၊ တောင်သူပါ”

“တောင်သူဆိုတာတော့ မင်းရုပ်မြင်တာနဲ့သိတယ်။ ဘာလုပ်စားသလဲမေးနေတာ”

“အဲ-ဟို-ဟို တစ်ခါတလေတော့ မုန့်ဟင်းခါးလုပ်စားတတ်ပါတယ်ခင်ဗျ”

စစ်ဆေးနေသူတာဝန်ရှိပုဂ္ဂိုလ်ဟာ ဒီကောင့်ကို ရူးနေသူလို့ထင်ပြီး ဆက်မမေးတော့ပါဘူး။ ဒီလိုနဲ့ တောင်ပေါ်မြို့လေးကိုရောက်ခဲ့ရောဆိုပါတော့။ ကားဂိတ်က ဈေးထိပ်မှာမို့ ဒီကောင်လည်း ဈေးထဲ လျှောက်ပတ်ကြည့်ဖို့ စိတ်ကူးလိုက်ပါတယ်။ အရက်နဲ့မြည်းဖို့ အမြည်းရှာတဲ့ အကြံနဲ့လေ။ လျှောက်ပတ်ကြည့်ရင်းနဲ့ တောင်ပေါ်သူတစ်ယောက်ရောင်းနေတဲ့ဗန်းထဲ ဘာမှန်းမသိတာကြောင့်မေးလိုက်ပါတယ်။

“ဒါ ဘာအသားလဲ”

တောင်ပေါ်သူလေးက သူရောင်းနေတာကို အမည်မပြောတတ်တော့ လက်ဟန်နဲ့လုပ်ပြပါတယ်။ လက်တစ်ဖက်က လက်မနဲ့လက်ညှိုးကို



mgyoe.com

mgyoe.com

ကွင်းပြီး ကျန်လက်ညှိုးတစ်ဖက်က ထိုးလိုက်၊ ထုတ်လိုက်လုပ်ပြပါတယ်။

"လူလာရင် ဒီလို။ လူမလာရင် ဒီလို ဒီလို ဒီလို အသားလေ"

ဒါနဲ့ ဒီကောင်လည်း မျက်လုံးကြီး ဇီးကွက်လောက်ဖြစ်သွားပါတယ်။ အရမ်းစိတ်ဝင်စားသွားလို့လေ။ သူ့ကို လက်ညှိုးလေးထိုးလိုက်၊ ထုတ်လိုက် လုပ်ပြနေတာကိုး။

"ဟော့ ငါ့ကို အခုလို လုပ်ပြနေတာ နင်စိတ်ထဲက တကယ်ပါတာနော်၊ ဟုတ်လား"

အဲဒီအချိန်မှာ ဘေးကဈေးရောင်းနေတဲ့ တောင်ပေါ်သားတစ်ယောက်ကလာပြီး ဖြစ်စဉ်မေးမြန်းကာ ရှင်းပြပါတယ်။

"အော် ဒီလိုပါခင်ဗျ။ သူက ဗမာလိုကောင်းကောင်းမပြောတတ်လို့ ပုံစံလက်ဟန်ပြရတာပါ။ သူရောင်းနေတာက လိပ်သားပါ"

o



mgyoe.com

mgyoe.com

# ကိုကိုက သူ့လိုပဲလေ

ဇော်မင်းထွန်းဟာ ချစ်သူနဲ့ပန်းခြံမှာ ချိန်းတွေ့နေပါတယ်။ အခု စီးလာတဲ့ဖိနပ်က အလှူအိမ်မှာ ဝါးတီးဆွဲရင်း လဲစီးလာတာပါ။ သူ့မူလစီးနင်းသွားတာက ခုံဖိနပ်တစ်ဖက်၊ ဘွတ်ဖိနပ်တစ်ဖက် ဖြစ်ပါတယ်။ အခုတော့ ရှူးစမိုးနဲ့ပေါ့လေ။ အချိန်နည်းနည်းလင့်လာတော့ သူ့ကောင်မလေးက မေးလိုက်ပါတယ်။

"ကိုဇော်၊ ဘယ်နှနာရီရှိပြီလဲငင်"

"ကိုဇော့်မှာ နာရီမပါဘူးကွ သဲလေးရ"

ချစ်သူက မကျေမချမ်းဖြစ်သွားပုံရပါတယ်။

"နာရီ မရှိတာလား၊ မပါတာလား ကိုဇော်"

"ကိုဇော်က နာရီလည်းမရှိဘူး။ ပတ်လည်း



mgyoe.com

mgyoe.com

မပတ်ဘူးလေ။ နောက်ပြီး ကိုဇော်လိုပဲ ပြင်သစ် သမ္မတပဟောင်း မီးတရောင်းလည်း နာရီမပတ်ဘူး လေ အသဲရဲ့"

"ဒါဖြင့် ကိုဇော့်အိပ်ကပ်ထဲမှာ ပိုက်ဆံမရှိ တာရော"

"မီးတရောင်းလည်း အဲဒီလိုပဲလေ"

"တကယ်"

"တကယ်ပြောတာပေါ့ အသဲရယ်။ မီးတ ရောင်းက ဆိုင်တွေမှာစားသောက်ပြီးရင် ဘယ် တော့မှ ငွေမရှင်းဘူး။ သူ့အပေါင်းအသင်းတွေ စိုက်ရှင်းရတယ်လေ"

"အွန်-သူ့အပေါင်းအသင်းတွေက ခင်ဗျား အဲဒီလိုစားသောက်ပြီး ငွေမရှင်းဘဲနေတော့ မရှက် ဘူးလားလို့ မမေးကြဘူးလား ကိုဇော်"

"အဲဒီတော့ မီးထရောင်းကပြောပါတယ်။ ကျုပ်က သမ္မတဖြစ်မယ့်ကောင်ပဲ။ ဘာလို့ ရှက်ရမှာ လဲတဲ့"

၀



mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## သူ့ဒုက္ခ

ကျနော့်သူငယ်ချင်းက ယာဉ်ထိန်း ရဲမေတစ် ယောက်နဲ့ လက်ထပ်လိုက်တယ်။ မနေ့ညက သူ့ရဲ့ မင်္ဂလာဦးညလေ။

ဒါနဲ့ ယောကျ်ားလေးချင်းဆိုတော့ အတွေ့ အကြုံလေးသိချင်တာနဲ့ ဖုန်းဆက်မေးမိတယ်။

"ဟေ့ရောင်၊ မင်းရဲ့ လူပျိုဘဝ နောက်ဆုံး ညလေးအကြောင်း ဖောက်သယ်ချပါဦးကွ၊ ဟိ ဟိ"

"မဟိဟိနဲ့ ဟေ့ကောင်"

"ဟင်. . . ဘာလို့လဲ ဟ"

"ညက ငါ့ကို Over-speed ဆိုပြီး ဒဏ်ငွေ ၅၀၀၀ တပ်တယ်၊ မရပ်ရမယ့်နေရာရပ်လို့ ဒဏ်



mgyoe.com

mgyoe.com

ငွေ ၅၀၀၀ တပ်တယ်၊ မဝင်ရတဲ့လမ်း ဝင်လို့ဆိုပြီး ဒဏ်ငွေ ၁၀၀၀၀ တပ်တယ်"

"ဟင်. . . လွန်တာပေါ့ကွ"

"ဒဏ်ငွေက ပြဿနာမရှိဘူး၊ ကျွမ်းကျင်မှုမရှိလို့ဆိုပြီး လိုင်စင်ကို တစ်ပတ်ပိတ်တာက ဆိုးတာ အီးဟီး"

၀



mgyoe.com

mgyoe.com

# ဘာမှမကြောက်ပါနဲ့

တိရစ္ဆာန်ရုံရှိ တစ်ကောင်တည်းသော လူဝံကြီးမှာ ရုတ်တရက်သေဆုံးသွားသည်။ တာဝန်ရှိ ဝန်ထမ်းများလည်း အထူးဧည့်သည်တော်များ လာရောက်လည်ပတ်ကြည့်ရှုရန် ရက်နီးကပ်နေခါမှ အခုလို လူဝံကြီးသေဆုံးသွားသောကြောင့် ကြံရာမရ အကြပ်ရိုက်နေတော့သည်။ အချိန်မီ တစ်ခြားတစ်ကောင် ရှာဖို့ဆိုတာလည်း အချိန်ကမမီတော့။ လွယ်လည်း မလွယ်ကူသည့်ကိစ္စ ဖြစ်နေတော့ နောက်ဆုံး လူတစ်ယောက်အား တစ်ရက် ၅၀၀ ဖြင့် နေ့စားငှားကာ လူဝံအရေခွံခြုံစေပြီး အယောင်ဆောင် အစားထိုးထားလိုက်လေသည်။



mgyoe.com

mgyoe.com

ဧည့်သည်တော်များ လာရောက်လည်ပတ် ကြည့်ရှုသည့်နေ့သို့ ရောက်လာသောအခါ တာဝန်ရှိသူများက အခြားနေရာများသို့ လိုက်လံပြသပြီး လူဝံထားရာနေရာသို့ရောက်ရှိလာသည်။ ဝန်ထမ်းများကကဲ လူဝံကြီးရေ၊ ဧည့်သည်တွေကို နောက်ဂျွမ်းလေးထိုးပြလိုက်ပါဦးကွဆိုပြီး ခိုင်းသတဲ့။ လူဝံအရေခွံခြုံထားတဲ့ အယောင်ဆောင်လူကလည်း ကျေနပ်အောင် ဂျွမ်းတွေတစ်ပတ်ပြီး တစ်ပတ် ထိုးပြနေရတော့တာပေါ့။ ဧည့်သည်တွေကလည်း ကျေနပ်သဘောကျပြီး လက်ခုပ်သံတွေ တဖြောင်းဖြောင်းတီးပြီး အားပေးတာပေါ့။ လူဝံအယောင်ဆောင်လည်း မာန်တက်ပြီး အားရပါးရထိုးလိုက်တာအရှိန်လွန်ပြီး ဘေးချင်း ကပ်ရက်က ကျားလှောင်အိမ်ထဲ ပြုတ်ကျသွားပါလေရော။ အဲ့ဒီတော့ လူဝံအတုလည်း တအားကြောက်သွားတာပေါ့။

"ဒုက္ခပဲ။ ငါတော့ ကျားကိုက်ခံရတော့မယ်"

ကျားကလည်း သူရှိရာကို တစ်လှမ်းချင်းလှမ်းပြီး တိုးကပ်လာနေတယ်။ သူကလည်း ကြောက်ကြောက်နဲ့ငြိမ်နေတယ်။ မလှုပ်ရဲဘူးပေါ့။ ကျားကအနားရောက်လာတော့ သူ့ကို ခြေဆုံးခေါင်းဆုံးနမ်း



mgyoe.com

mgyoe.com

ပြီး အနှံ့ခံနေတယ်။ သူလည်း ဘုရားတပြီး အသား တွေတဆတ်ဆတ်တုန်လာတဲ့အထိ ကြောက်ရွံ့နေမိ တယ်။ ကျားက တစ်ကိုယ်လုံးကိုလည်းအနံ့ခံပြီး ရော လူဝံအယောင်ဆောင်ရဲ့ နားရွက်နားကိုကပ်ပြီး ပြောလိုက်တယ်။

"ဘာမှ မကြောက်ပါနဲ့ကွာ၊ ငါလည်းမင်းလိုပဲ တစ်နေ့ ၅၀၀ စားပါပဲ"

၀



mgyoe.com